*Holy Bible Aionian Edition* ®

မြန်မာယုဒသန်သမ္မာကျမ်း
Myanmar Burmese Judson Text

Creative Commons Attribution 4.0 International, 2018-2024
Source text: eBible.org
Source version: 8/25/2024
Source copyright: Public Domain
Adoniram Judson, Jr., 1835

Formatted by Speedata Publisher 4.19.20 (Pro) on 9/5/2024
100% Free to Copy and Print
TOR Anonymously
https://AionianBible.org

Published by Nainoia Inc
https://Nainoia-Inc.signedon.net

We pray for a modern Creative Commons translation in every language
Translator resources at https://AionianBible.org/Third-Party-Publisher-Resources
Report content and format concerns to Nainoia Inc
Volunteer help is welcome and appreciated!

အသေ သတ်ခြင်း၊ အကျဉ်း ထားခြင်းခံထိုက် သောအမှု ကို မ ပြု ဟု အချင်းချင်း ပြော ဆို ကြ၏။ ၃၂ အဂြိပ္ပ မင်းကလည်း၊ ဤ သူ
သည်ကဲသာ ဘုရင် အယူ တော်ကို ခံပါမည်ဟု မ ဆိုမိလျှင် လွှတ် သင့် သည်ဟု ဖေတ္တု မင်းအားဆို ၏။

၂၇ ထိုအခါ ငါ တို့သည် ဣတလိ ပြည်သို့ သင်္ဘောနှင့်ကူး ရမည့်အကြောင်းကို စီရင် ပြီးမှ ၊ ယုလိ အမည် ရှိသော သြဂုတ္တု တပ်
နှင့်ဆိုင်သော တပ်မှူး ၌ ပေါလု မှစ၍ အကျဉ်းခံ သောအခြား သူ တို့ကို အပ် ကြ၏။ ၂ အာဒြမုတ္တိ သင်္ဘော ကိုစီး ၍ အာရှိ
ပြည်နား သို့ ရှောက်သွားမည်အကြံ နှင့် လွှင့် ကြ၏။ အာရိတ္တခု အမည်ရှိသောမာကေဒေါနိ ပြည်သက်သာလောနိတ် မြို့သားသည် ငါ
တို့နှင့် ပါ ၏။ ၃ နက်ဖြန် နေ့တွင် ဇိဒုန် မြို့၌ ဆိုက် ကြပြီးလျှင်၊ ပေါလု သည် မိမိအဆွေ ခင်ပွန်းတို့ထံသို့ သွား ၍ သူတို့၏ လုပ်ကျွေး
ပြုစုခြင်းကို ခံရ မည်အကြောင်း၊ ယုလိ သည် ကျေးဇူး ပြု၍ အခွင့် ပေးလေ၏။ ၄ ထိုမြို့ မှထွက် ၍ လေ မ သင့်သောကြောင့် ၊ ကုပရု
ကျွန်းမြောက်ဘက်နားသို့ရှောက်သွားသဖြင့် ကိလိကိ ပြည်၊ ၅ ပံဖုလိ ပြည်နှင့် စပ် သောပင်လယ် ကိုကူး ၍၊ လုကိ ပြည်၊ မုရ မြို့သို့
ရောက် ကြ၏။ ၆ ထိုမြို့ ၌ ဣတလိ ပြည်သို့ ကူး သော အာလေဇန္ဒြိ သင်္ဘော ကိုတပ်မှူး သည်တွေ့ ၍၊ ထိုသင်္ဘော ထဲသို့ ငါ တို့ကို
သွင်း ထားလေ၏။ ၇ နှေးနှေး သာသွား၍ နေ့ရက် ကာလကြာ သောအခါ ၊ ပင်ပန်းစွာ ကြိုးစား ၍ ကနိဒ် မြို့နှင့်တည့်တည့် ရောက်
ပြီးမှ၊ လေ မ သင့် သောကြောင့် ကရေတေ ကျွန်း အရှေ့ ဘက်၊ သာလမုန် မြို့ အနား သို့ ပင်ပန်း စွာ ရှောက်သွား ၍၊ ၈ လာသဲ မြို့
နှင့်အနီး ၊ ကာလုလိမင်းအမည် ရှိသော အရပ် သို့ ရောက် ကြ၏။ ၉ ကာလ ကြာသည်ရှိ သော်၊ ကြီးစွာသောဥပုသ်နေ့လွန် ၍ ပင်လယ် မ
ကူးသင့်သောလ ဥတုအချိန်ဖြစ် သည် ကို ပေါလု သည် ထောက် ၍၊ ၁၀ အချင်းလူတို့ ၊ ယခုမှာပင်လယ် ကူးလျှင် သင်္ဘော နှင့် ကုန်
များတို့သည် ဆုံးရှုံး သည်သာမက ၊ ငါ တို့ အသက် ပျက်စီးရာသော ဘေး အန္တရာယ်ရောက်မည်ကို ငါထင် မြင်သည်ဟု သတိပေး ၏။
၁၁ သို့သော်လည်း ၊ တပ်မှူး သည်ပေါလု စကား ကို နားမထောင်ဘဲ၊ တက်မ ကိုင်စကားနှင့်သင်္ဘောသူကြီး စကားကိုနားထောင် ၏။ ၁၂
ထိုမြို့ဆိပ် ၌ ဆောင်း ကာလပတ်လုံးမ နေ သင့် သောကြောင့် တဖန်လွှတ် ပြန်၍ ဖိနိတ် မြို့ဆိပ်သို့ မှီ နိုင် လျှင် ၊ ထိုဆိပ်၌ ဆောင်း ကာလကို
လွန်စေသော်သာ၍ကောင်းမည်ဟု လူ အများတို့သည် ဆို ကြ၏။ ဖိနိတ် ဆိပ် ကားကရေတေ ကျွန်း၌ ရှိ၏။ အနောက် မြောက်သို့ ၎င်း၊
အနောက် တောင်သို့၎င်း မျက်နှာ ပြု၏။ ၁၃ တောင် လေသည်ဖြည်းညှင်း စွာလာသောအခါ ၊ ယခုမှီ နိုင်သည်ဟု စိတ်ထင် နှင့်လွှင့်၍၊
ကရေတေ ကျွန်းနား သို့ ရှောက်သွား ကြ၏။ ၁၄ ကာလမ ကြာ မမြင့်မှီ ဥရုကလုဒုန် အမည် ရှိသော လေ ပြင်း မုန်တိုင်း သည်သင်္ဘော
ကိုတိုက် ၍၊ ၁၅ တဟုန်တည်းဆောင်သွား သဖြင့်၊ သင်္ဘော သည် ထိုလေ ကိုမ ခံ နိုင် သောကြောင့်၊ ငါတို့သည် အားလျော့ ၍ လေတိုက်ရာသို့
ပါလွင့် ကြ၏။ ၁၆ ကလောဒေ ကျွန်း နား မှာ ပြေးစဉ်တွင်၊ သမ္ဗန် ကို မပျက်စေခြင်းငှာပင်ပန်းစွာကြိုးစား ၍၊ ၁၇ သင်္ဘောပေါ် သို့တင်
ပြီးလျှင်၊ သင်္ဘော ကိုခိုင်ခံ့စေခြင်းငှာကြိုးနှင့်ပတ်စည်း ကြ၏။ သောင် ပေါ်မှာ တင် မည်ကိုလည်းစိုးရိမ် သောကြောင့် ရွက် ကိုသိမ်း
သဖြင့် လေတိုက်ရာသို့ပါလွင့် ကြ၏။ ၁၈ လှိုင်းထအားကြီးသောကြောင့် အလွန်တုန်လှုပ်၍၊ နက်ဖြန် နေ့၌ ဝန် ကိုထုတ်ပစ်ကြ၏။ ၁၉ သုံး
ရက်မြောက်သောနေ့၌ သင်္ဘော တန်ဆာ များကို ကိုယ်လက်နှင့်ကိုယ်ယူ ၍ ပစ် လိုက်ကြ၏။ ၂၀ နေ ၊ လ၊ ကြယ် နက္ခတ်တို့ကို တာရှည်
စွာ မ မြင် ရ၍ မိုဃ်းသက်မုန်တိုင်း အားကြီး သေးသဖြင့်၊ ကယ်တင် ခြင်းသို့ ရောက်မည်ဟု မြော် စရာ အခွင့်အလျှင်း မ ရှိ။ ၂၁ အစာ
ကိုမစားဘဲကြာမြင့်စွာ နေကြပြီးမှ၊ ပေါလု သည် ထိုသူ တို့၏ အလယ် ၌ ထ ၍၊ အချင်း လူ တို့၊ ငါ စကားကို နားထောင် ၍ ကရေတေ ကျွန်းမှ
မ လွှင့် ဘဲနေလျှင် ဤပျက်စီး ဆုံးရှုံး ခြင်းနှင့် ကင်းလွတ် ရကြ၏။ ၂၂ ယခု တွင် စိတ်သက်သာ ခြင်းရှိကြလော့။ အကြောင်းမူကား ၊ သင်္ဘော
ဆုံးခြင်းမှတစ်ပါး သင် တို့တွင် အဘယ်သူ မျှအသက် မဆုံး ရ ၊ ၂၃ အဘယ်ကြောင့် နည်းဟူမူကား၊ ငါ့ ကိုပိုင်တော်မူ၍၊ ငါကိုးကွယ် သော
ဘုရားသခင် ၏ ကောင်းကင်တမန် သည် ယနေ့ ညဉ့် တွင် ငါ့ အနားမှာ ပေါ် လာ လျက်၊ ၂၄ ပေါလု ၊ သင်သည် မ စိုးရိမ် နှင့်။ ကဲသာ
ဘုရင် ရှေ့သို့ ရောက် ရမည်။ သင် နှင့်အတူ ပင်လယ်ကူး သော သူ အပေါင်း တို့ကို ဘုရားသခင် သည် သင့် အားပေး တော်မူပြီဟု ဆို
၏။ ၂၅ ထိုကြောင့် အချင်းလူတို့ သက်သာ ခြင်း ရှိကြလော့။ ငါ့ အား မိန့် တော်မူသည်အတိုင်းဖြစ် လိမ့်မည်ဟု ငါသည်ဘုရားသခင် ကို
အမှီပြု၍ ယုံ ခြင်းရှိ၏။ ၂၆ သို့သော်လည်း တစ်စုံတစ်ခု သောကျွန်း ပေါ်မှာ သင်္ဘောတင် ၍ ပျက်ရ မည်ဟုပေါလုဆို၏။ ၂၇ တစ်ဆယ်လေး
ရက်မြောက်သောနေ့ ညဉ့် ရောက် သောအခါ ၊ ငါ တို့သည် အာဒြိ ပင်လယ်တွင် အရပ် လေးမျက်နှာသို့ လူးလာသွားကြစဉ်၊ သန်းခေါင်